ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ တနင်္လာနေ့ (20-12-2010) (၆၆၁၈)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ ဘုရားများ ဖူးမြော်ကြည်ညို



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နေပြည်တော်   ဒီဇင်ဘာ   ၁၉

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးရှိ ဂန္ဓကုဋိတိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဘုရားကြီးအတွင်း လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**



## မဟာဆုတောင်းပြည့်နီးဘုရားကြီးအား ဖူးမြော်ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာဆုတောင်းပြည့်နီးဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။**

(သတင်းစဉ်)



ကြေးမုံ The Mirror
၂၀-၁၂-၂၀၁၀
(တနင်္လာနေ့)

# စက်မှုနိုင်ငံတော်ဆီ တက်ညီလက်ညီ

နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ နှစ်စဉ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိရာ ဆန်စပါးနှင့် ပဲမျိုးစုံ ထုတ်လုပ်မှုမြင့်မားသော နိုင်ငံအဆင့်သို့ ရောက်ရှိလာခဲ့ပြီ။ လက်ရှိလူဦးရေသာမက နောင်တွင်တိုးပွားလာမည့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာဖူလုံပြည့်စုံနေပြီ။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် အားထုတ်ကြရပေမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ဖွင့်လှစ်နေပြီ။ ပြည်ထောင်စုတစ်ဝန်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် သုံးထောင်ကျော် ထုတ်လုပ်ပေးနိုင်နေပြီ။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီဆောင်ရွက်ကြရပေမည်။ စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ စက်ရုံအလုပ်ရုံသစ်များစွာကို တိုးချဲ့တည်ဆောက်နိုင်နေပြီ။ အကြီးစားစက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ရရှိနေပြီ။

ယခုအခါ နိုင်ငံပိုင်စက်ရုံပေါင်း ခြောက်ရာကျော်ရှိနေပြီ။ ပုဂ္ဂလိကကဏ္ဍ စက်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ စက်မှုဇုန်ပေါင်း ၁၈ဇုန် ထူထောင်ပေးခဲ့ပြီ။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးအားပေးကူညီလျက်ရှိရာ စက်မှုလက်မှုလုပ်ငန်းပေါင်း ခြောက်သောင်းကျော်အထိ ရှိလာပြီဖြစ်သည်။

စက်မှုနိုင်ငံတော်အဖြစ်သို့ အချိန်တိုအတွင်း တက်လှမ်းနိုင်ရေး အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်မည့် ကျွမ်းကျင်ပညာရှင်များ လိုအပ်သည်။ ခေတ်မီနည်းပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)ကို တိုးမြှင့်ထူထောင်ပေးခဲ့ပြီ။ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေး စဉ်ဆက်မပြတ် ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်လာနိုင်မှုနှင့်အတူ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြပြီ။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေးအတွက် အရည်အသွေးစံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ နှစ်ပေါင်း ၂၀ကျော်အတွင်း ဘဏ္ဍာငွေ အမြောက်အမြားရင်းနှီးမြှုပ်နှံ၍ အခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးထားပြီ။ စိတ်ကောင်းစေတနာကောင်း ဖွဲ့၊ လုံ့လ၊ ဝီရိယစွမ်းအားအပြည့်အဝဖြင့် စက်မှုနိုင်ငံတော်အဆင့် တက်လှမ်းနိုင်ရေး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၄၉)၌ ရေဓာတ်ငွေ့ဖြင့် သင်္ဘောများ မောင်းနိုင်တော့မည်၊ တရုတ်က မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံအဖြစ်ရပ်တည်နေ၊ တစ်ပြည်လုံးရှိ လေယာဉ်ပြေးလမ်းများ ညအချိန်ဆင်းသက်နိုင်သော နိုင်ငံတကာအဆင့်မီ ပြေးလမ်းများအဖြစ် ဆောင်ရွက်မည်၊ အင်္ဂလန်မှ ချီးမြှင့်သည့် ရွှေတံဆိပ်ဆု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးရရှိ၊ ကြည့်မြင်တိုင်တွင် ညဥ့်သန်းခေါင်ကျော် မီးလောင်၊ တရုတ်စက်မှုဇုန်နွားထိုးကြီးတွင် တည်ဆောက်မည်၊ အင်တာနက်ပါ အသုံးပြုနိုင်သောဖုန်း နေပြည်တော်နှင့် ရန်ကုန်တွင်သုံးနိုင်တော့မည်၊ မြန်မာ့လက်ရွေးစင်အသင်းတွင် စိတ်ပါဝင်စားမှုမရှိသည့် ကစားသမားများကို အရေးယူမည့် ဥပဒေထုတ်ပြန်တော့မည်၊ အွန်လိုင်းမှ ဒေသမရွေး ဖုန်းလျှောက်နိုင်တော့မည်၊ ရခိုင်ကိုယ်စားပြု ဘောလုံးအသင်း ၂၀၁၁ MNL တွင် ဝင်ပြိုင်မည်၊ စက်မှုထုတ်ကုန်များကို အကျိုးတူပူးပေါင်းလိုသည့် မြန်မာလုပ်ငန်းရှင်များအား တရုတ်က ကူညီမည်၊ ဂီရိကြောင့် ပျက်စီးခဲ့သည့် ကျောင်းအားလုံး လာမည့်ဖေဖော်ဝါရီတွင် အပြီးပြင်ဆင်ဆောက်လုပ်မည်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဘယ်လိုရင်ဆိုင်အနိုင်ယူမလဲ၊ ကုလားတန်မြစ်အနောက်ဘက်ကမ်းမှ သမိုင်းဝင် ဘဲငါးရာတောင်နှင့် ထူးခြားသောဖြစ်ရပ်များ၊ အယ်ဒီတာထံပေးစာ၊ Political Talk နှင့် Public Talk ကဲ့သို့သော ဖတ်စရာမှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"မျှော်လင့်ချက်မဲ့နေတာမျိုးတော့ မဟုတ်ဘူး" ဟေတီနိုင်ငံ အသက်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသူ သူနာပြု အန်ဂျာဝုဇ်နှင့် စပီဂျဲလ်တို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ Google နဲ့ Facebook တို့၏ ပွဲကိုင်မောင်းနှင်နေသူတို့၏ အင်တာနက်တိုက်ပွဲ၊ သွေးမျက်ရည်ကျတဲ့ကောင်လေး၊ အမျိုးသမီးတစ်ဦး ၁၂လွှာမှ ပြုတ်ကျသော်လည်း မသေ၊ စီးကရက်ဘူးတွင် ပုံနှိပ်ဖော်ပြထားသော ပုံရိပ်များက ဆေးလိပ်သောက်သုံးခြင်းကို ဟန့်တားနိုင်မှုမရှိ၊ တရုတ်နိုင်ငံ၏ အချမ်းသာဆုံးကျေးရွာ၊ လာမည့်နှစ်တွင် အရှေ့အာရှ စီးပွားရေးတိုးတက်မှု နှေးကွေးဖွယ်ရှိ၊ ကျောရိုးခုံးသည့်ရောဂါ ဗဟိဒ္ဓကုထုံးဖြင့် သက်သာရာရ၊ မိုဘိုင်းဖုန်းအသုံးပြုသူတို့က စမတ်ဖုန်းကို ပိုမိုကြိုက်နှစ်သက်လာ၊ ရာသီဥတုပြောင်းလဲခြင်းက ကင်ဆာရောဂါဖြစ်ပွားစေနိုင်ကြောင်း ကုလသမဂ္ဂမှ သတိပေးပြောကြား၊ ဇနီးသည်ကိုသတ်သည့် သတို့သား ဖမ်းဆီးထိန်းသိမ်းခံရ၊အမေရိကန်ပြည်ထောင်စု စစ်ဘက်ဆိုင်ရာဌာနကို ဗုံးဖောက်ခွဲရန် ကြံစည်သူအား တရားစွဲဆို စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (သတင်းစဉ်)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ဝန်ကြီး သူရဦးမြင့်မောင် ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်အကြို ညစာစားပွဲ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၁၉

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်သည် ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ ကျင်းပသည့် ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း၏ ၂၀၁၀ ခုနှစ် ခရစ်တော်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်အကြို ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်က ပဏာမကျမ်းကို ဖတ်ကြားပြီး အကျိုးဆောင်ဘဏ္ဍာထိန်း ဗိုလ်မှူးကြီးမောင်မောင်အေး(ငြိမ်း)က ကောင်းချီးတောင်းခံသည်။

ထို့နောက် ဂုဏ်တော်ကိုချီးမွမ်းပြီး ဥက္ကဋ္ဌ ဒေါက်တာတင်လှက မွေးနေ့တော်အထိမ်းအမှတ် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဦးဒေးဗစ်စိုးတင့်က အထူးဆုတောင်းပြီး မွေးနေ့တော်သီချင်းသီဆိုခြင်း၊ ငွေကြေးဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပေးမှုကို ရှင်းလင်းတင်ပြခြင်းနှင့် YMCA သီချင်းသီဆိုခြင်းတို့ကို ဆောင်ရွက်ကြကာ မြန်မာနိုင်ငံ YMCA ဒုတိယဥက္ကဋ္ဌ ရန်ကုန် YMCA ဘုတ်အဖွဲ့ဝင် ဒေါက်တာသာထွန်းဦးက သမ္မာကျမ်းစာတော်မြတ်ကို ဖတ်ကြားသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် မွေးနေ့တော်သတင်းကောင်းဝေမျှခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ကောင်းချီးပေးခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

# LG အရောင်းကိုယ်စားလှယ်ကြီးများ တွေ့ဆုံပွဲနှင့် Full LED Slim 3D TV မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

LG အရောင်းကိုယ်စားလှယ်ကြီးများ တွေ့ဆုံပွဲနှင့် Full LED Slim 3D TV မိတ်ဆက်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ball room ၌ ကျင်းပရာ LG Electronic Co., Ltd. စီနီယာ မန်နေဂျာ Mr. Sung Ho Moon နှင့် တာဝန်ရှိသူများ၊ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်နှင့် တာဝန်ရှိသူများ၊ LG မှ ဖိတ်ကြားထားသော အရောင်းကိုယ်စားလှယ်ကြီးများ၊ စာနယ်ဇင်းသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ TMW Enterprise Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်နှင့် LG Electronic Co., Ltd. စီနီယာ မန်နေဂျာ Mr. Sung Ho Moon တို့က **(ယာပုံ)** နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြကာ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် LG အရောင်းကိုယ်စားလှယ်ကြီးများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြသကြသည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် LG ၏ နောက်ဆုံးပေါ် နည်းပညာသစ်





Full LED Slim 3D TV ကို ကြည့်ရှုခံစားနိုင်စေရန် အဓိကရည်ရွယ်ပြသထားရာတွင် တစ်မူထူးခြားသော တောအုပ်ပုံစံဒီဇိုင်းအသွင်အပြင်ဖြင့် မိတ်ဆက်တင်ပြထားပြီး LG 3D၏ ထူးခြားသော ရုပ်ပုံထွက်ရှိမှုကြောင့် တောအုပ်ကြီးအတွင်းသို့ ကိုယ်တိုင်ရောက်ရှိသွားသကဲ့သို့ ကြည့်ရှုသူများခံစားနိုင်စေရန် ပြသထားသည်။

ထို့အပြင် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် LG အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော LG Refrigerator၊ Washing Machine၊ Dish Washer၊ Microwave Oven နှင့် Vacuum Calenar တို့ကို ခေတ်မီ မီးဖိုခန်း အပြင်အဆင်ဖြင့် ဆွဲဆောင်မှုရှိစွာ ပြသထားသည်။

အဆိုပါ အခမ်းအနားတွင် LG မှ ကျန်းမာရေးအတွက် အထောက်အကူပြု Health Plus ကုန်ပစ္စည်းများ ထုတ်လုပ်ထားပြီး အဆိုပါ LG Health Plus Inverter လေအေးပေးစက်၏ လေစစ်ဆန်ခါများသည် လေထုအတွင်းရှိ $H_1N_1$ အပါအဝင် အခြားရောဂါပိုးမွှားများကို ၉၉ ဒသမ ၉ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ခြင်း၊ LG Health Plus အဝတ်လျှော်စက်များသည်လည်း အဝတ်အထည်များတွင် ကပ်ငြိနေသော ရောဂါပိုးမွှားများကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖယ်ရှားနိုင်ပြီး အထူးသန့်ရှင်းစင်ကြယ်စေကြောင်း သိရှိရသည်။

LG လျှပ်စစ်ပစ္စည်းများအား ဝယ်ယူလိုပါက LG အရောင်းပြခန်းနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်သကဲ့သို့ တစ်ဆင့်ပြန်လည်ရောင်းချလိုပါက TMW Enterprise Ltd. အမှတ်(၉၀) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၄၀၀၇၇၁နှင့် ၄၀၀၇၇၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



## အာဟာရ တိုက်ကျွေး

**ဒီဇင်ဘာ ၁၈ ရက်က လှိုင်သာယာမြို့နယ် အမက(၂၉) အလယ်တန်းကျောင်းခွဲ သူငယ်တန်း (A) မှ အဘ ဦးအောင်ကိုကို - အမိ ဒေါ်မိုးမိုးစန္ဒာ၏ သမီး မရွှေယမင်းကိုကို (၆) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အာဟာရ တိုက်ကျွေးစဉ်။**

(၇၂၉)

# မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဆိပ်ကမ်းတည်ဆောက်ရေး အုတ်မြစ်ချအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

**မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေး အုတ်မြစ်ချအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ်းနားလမ်းနှင့် မေယုလမ်းထောင့် ကမ်းနားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Jayant Prassad၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် သံရုံးအဖွဲ့ဝင်များ၊ အိန္ဒိယပြည်တွင်းရေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ESSAR Projects (India) Ltd. မှ မ်ဘိုင်းနှင့် မြန်မာတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် သံအမတ်ကြီးတို့က အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို စစ်တွေဟိုတယ်၌ ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အိန္ဒိယပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ESSAR Projects (India) Ltd. ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ထို့နောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ရိုးရာအဖွဲ့အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဝန်ကြီးနှင့် သံအမတ်ကြီးတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေး အုတ်မြစ်ချအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



**မြန်မာ-အိန္ဒိယ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေး အုတ်မြစ်ချအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ အသင်းများ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အကြီးတန်းဒုတိယဥက္ကဋ္ဌ(၃) ဦးမောင်လှ(ခ) ဦးလှမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အစည်းအဝေး၊ မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးများကို ကျင်းပရာ အသင်းဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပကြကာ ၂၀၁၁-၂၀၁၃ အလုပ်အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကို ကြေညာပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဝန်ကြီး ဦးမောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ အသင်းများ၏ နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၂-၂၀၁၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၀ ၈။ စိုက်ပျိုးသုတ
- ၅း၂၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၂၅ ၁၀။ လျှပ်တစ်ပြက်
- ၅း၃၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မိုးသောက်ကြယ် (အပိုင်း-၄၅)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကြယ်စင်ညီအစ်မများ (အပိုင်း-၃၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၈)**
- ၂၆။ Mini Series
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

## မိတ္ထီလာ အထက(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မိတ္ထီလာ အထက(၁)မှ ရန်ကုန်မြို့တွင် နေထိုင်သော အသက်(၆၀)နှစ်အထက် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် တာမွေမြို့နယ် မီးသတ်စခန်း (ကျောက်မြောင်း)၌ ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားပေးခဲ့ကြသော ရန်ကုန်ရောက် ဆရာ၊ ဆရာမများအားလုံး၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများအား မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်ကြသော ဦးအောင်ကျော်မြင့် ဖုန်း- ၀၉-၈၀၂၀၀၅၁၊ ဦးဝင်းထွန်းမြင့် ဖုန်း- ၀၁-၅၇၉၇၇၈၊ ၀၉-၈၀၂၂၆၅၈၊ ဦးသန်းဦး ဖုန်း-၇၃၀၀၈၅၂၀၊ ဦးငွေမောင်း ဖုန်း- ၀၉-၅၀၆၂၄၅၄၊ ဦးအောင်ကျော်ဇော ဖုန်း-၀၉၅၀၃၁၁၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့

**လမ်းမကြီးပြုပြင်**

**ကောလင်းမြို့၏ အဓိကလမ်းမကြီးဖြစ်သော ရွှေမင်းဝံလမ်းပေါ်ရှိ ကတ္တရာလမ်းပေါက်များအား စက်ယန္တရားများဖြင့် ဖာထေးပြုပြင်နေမှုကို နိုဝင်ဘာ ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဦး ကြီးကြပ်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ဝေ ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)



**မန္တလေးတောင် ဆုတောင်းပြည့်ဘုရားရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးတွေ့ရစဉ်။** (သတင်းစဉ်)



○ ရွှေဖုံးမှ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာဆုတောင်းပြည့်နီးဘုရားကြီးသို့ရောက်ရှိကြပြီး ဖူးမြော်ကြည်ညို၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## စွယ်တော်မြတ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ စွယ်တော်မြတ်စေတီတော်သို့ ရောက်ရှိကြပြီး စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဓမ္မစက္ကမုဒြာဗုဒ္ဓဆင်းတုတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စွယ်တော်မြတ်စေတီတော်အတွင်း လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိ၍ ကကုသန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်ရင်ပြင်ရှုခင်းသာမှနေ၍ မန္တလေးမြို့ပြဖွံ့ဖြိုးစည်ပင် သန့်ရှင်းသာယာလှပနေမှုနှင့် မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးက မန္တလေးတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဖိဖိစီးစီး ဆက်လက်ဆောင်ရွက်ရေး မှာကြားသည်။

## ဆုရခတ်ပုံများ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်ခြေ၊ မိုး၊ ဆောင်းသုံးရာသီ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာလောကမာရဇိန်ကုသိုလ်တော်မြတ်စွာဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

## လှည့်လည်ဖူးမြော်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရားကြီးအတွင်း လှည့်လည်ဖူးမြော်ကြသည်။

ဗိုလ်ချုပ်မှူးကြီးက ဘုရားပရိဝုဏ်အတွင်းရှိ ခရေပင်ကြီးများမှာ နှစ်ပေါင်းရှည်ကြာပြီဖြစ်၍ ရေရှည်ထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် အသစ်ပြန်လည်စိုက်ပျိုးသည့် ခရေပင်များကိုလည်း ရှင်သန်အောင် စနစ်တကျ ထိန်းသိမ်းစိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စန္ဒာမုနိဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စန္ဒာမုနိဘုရား ဘက်စုံပြုပြင်ထိန်းသိမ်းမှုနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်တော်ကြီးဘုရားသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

## မဟာမုနိ

ညနေပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အတွင်းရေးမှူး(၁)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဝန်ကြီးများက ရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

## မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်၏ ဂန္ဓကုဋီကျောင်းဆောင်အတွင်း လှည့်လည်ကြည်ညိုသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ တံခွန်တိုင်တံတားသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(လမ်း) ဦးတင်စန်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စီမံကိန်း စကားအင်းအဝိုင်းမှ တံခွန်တိုင်တံတားအထိ လမ်းအူကြောင်းနှင့် လမ်းအူကြောင်းပေါ်ရှိ တံတားခုနစ်စင်း တည်ဆောက်ရမည့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော် ရင်ပြင်တော်ရှုရပ်မှ စစ်ကိုင်းမင်းဝံတောင်ရိုး စိမ်းလန်းစိုပြည်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

☀ စာမျက်နှာ ၄ မှ

အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လုပ်ငန်းများကို မိုးမကျမီ အချိန်မီပြီးစီးရေး မှာကြားပြီး လမ်းအူကြောင်းကို ကြည့်ရှုစစ်ဆေးကာ လမ်းကြောင်းတစ်လျှောက် ဖို့မြေများကိုသေချာစွာ ခိုင်မာအောင် ပြုလုပ်ရန်နှင့် ရန်ကုန်-မန္တလေးလမ်းသို့ ဆက်သွယ်ဝင်ရောက်ရာတွင် ပြေပြစ်စေရေးကို စနစ်တကျစီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော် မဟာစေတီတော်ကြီးသို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဘုရားကြီးတောင်ဘက်မုခ်ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ပဉ္စလောဟာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဘုရားကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဇီဝိတဒါနကုသိုလ်အဖြစ် ငှက်မျိုးစုံတို့ကို လွှတ်ကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြရာ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဆွမ်းဦးပုညရှင် စေတီတော်ကြီး မြောက်ဘက်အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ကိုးထပ်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆွမ်းဦးပုညရှင် စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးရှိ မှတ်တမ်းဓာတ်ပုံများနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသည် ဘုရားရင်ပြင်တော်ပေါ် ရှုရပ်မှ စစ်ကိုင်းတောင်တစ်ဝိုက်ကြည့်ရှုပြီး စစ်ကိုင်းမင်းဝံတောင်ရိုး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် ဆွမ်းဦးပုညရှင်စေတီတော်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဆွမ်းဦးပုညရှင် စေတီတော်ကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင်ရင်ပြင် ရှုခင်းသာမှ မန္တလေးတောင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော် မဟာစေတီတော်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)





**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ မော်လမြိုင်ကျွန်းမြို့နယ်ဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးစီမံထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# မော်လမြိုင်ကျွန်းနှင့် မအူပင်မြို့နယ်တို့၌ ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့ရှိ ပြန်လည်ထူထောင်နေရာချထားပေးမည့် အိမ်ရာမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့သည်။**

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ရောက်ရှိရာ မီးသတ်အဆောက်အအုံ အခြေအနေ၊ ယာဉ်စက်ကြံ့ခိုင်ရေး အသင့်ရှိရေးနှင့် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးစီမံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မော်လမြိုင်ကျွန်းဈေးကြီးသို့ ရောက်ရှိပြီး ဈေးကြီးမီးဘေးလုံခြုံရေးစီမံထားရှိမှုများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေရရှိရေး ဆောင်ရွက်ထားမှုများနှင့် ဈေးဆိုင်ခန်းများ လျှပ်စစ်သုံးစွဲမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မအူပင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံထားရှိမှုများ၊ မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေးလုပ်ငန်းများ၊ ယာဉ်စက်ကြံ့ခိုင်ရေးလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးသတိပြု**

# မှော်ဘီတပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ် နယ်မြေခံတပ်ရင်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၉

**ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဒီဇင်ဘာ ၁၇ ရက်တွင် မှော်ဘီတပ်နယ် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် တိုင်းမှူးသည် သန္ဓေပင်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ နယ်မြေခံတပ်မှ အရာရှိများနှင့် တွေ့ဆုံကာ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆပ်သွားတောကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းမှူးရုံးခန်း၌ အရာရှိများနှင့် တွေ့ဆုံ၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူးသည် မင်္ဂလာဒုံတပ်နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းမှူးရုံးခန်း၌ အရာရှိများနှင့် တွေ့ဆုံ၍ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း မင်္ဂလာဒုံတပ်နယ် ပျဉ်းမပင်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြို့ဦး ဓမ္မပိဟန်တော်ကြီး ရေစက်ချအလှူမင်္ဂလာကျင်းပ

**ကျောင်းကုန်း ဒီဇင်ဘာ ၁၉**

အလှူရှင် ဦးသိန်းမောင်(သုဓမ္မမဏိဇောတဓရနှင့် လူမှုထူးချွန် တတိယဆင့်)၊ ဇနီး ဒေါ်တင်လှ(ရွှေလမင်းဆေးလိပ်ခုံ) မိသားစုက ငွေကျပ် သိန်း ၄၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသည့် မြို့ဦး ဓမ္မပိမာန်တော်ကြီး ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မြို့ဦး ရွှေမြနန္ဒာပရိဝုဏ်အတွင်းရှိ မြို့ဦးပိမာန်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။ (၃၆၅)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၂-၂၀၁၀ (တနင်္လာနေ့)**
**[၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၅ ၈။ အရေးပြိုင်ပွဲ
- ၈:၂၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၁၀။ "ဆုံစည်းခွင့်"
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ တေးဂီတအစီအစဉ်
- ၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၇)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"ကမ္ဘာကျော် သရုပ်ဆောင်များ" (အပိုင်း-၃)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၆)**
- ၁၈။ အစီအစဉ်ပြီး၏။

**ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို နိုဝင်ဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းသိန်း ဦးဆောင်ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်၊ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် ဌာနဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်စဉ်။** (၁၈၃)



# ရောဝတီတံတား(ညောင်တုန်း)အတွက် တံတားသံပေါင်များ သယ်ချ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက်နံနက်ပိုင်းတွင် လှည်းကူး-ဖောင်ကြီးလမ်းကို ဖြတ်ကျော်တည်ဆောက်ထားသော ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၂/၀)နှင့် (၁၂/၁)ကြားသို့ ရောက်ရှိပြီး ခုံးကျော်တံတားနှင့် တံတားအောက် ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းဖောက်လုပ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းသို့ ရောက်ရှိရာ ဆိပ်ကမ်း၌ ဧရာဝတီတံတား(ညောင်တုန်း)အတွက် China Baoji Bridge Group Co.,Ltd. မှ ပထမအသုတ်ရောက်ရှိလာသော တံတားသံပေါင်များကို M.V WAILY(v-1004) သင်္ဘောပေါ်မှ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ သယ်ယူမည့် သင်္ဘောပေါ်သို့ သယ်ချနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခု ပထမအသုတ် ရောက်ရှိနေသည့် တံတားသံပေါင်များမှာ စုစုပေါင်း တန်ချိန် ၂၈၃၈ ဒသမ ၈၄၅ တန် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ သီလဝါဆိပ်ကမ်း၌ ဧရာဝတီတံတား(ညောင်တုန်း)အတွက် ရောက်ရှိလာသော တံတားသံပေါင်များ သင်္ဘောပေါ်မှ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပင-ကရုပ်ပွဲကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မြင့်ဦး ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



# လယ်ဝေးမြို့နယ်၌ အခွန်ပညာပေး ဆွေးနွေးပွဲ ကျင်းပ

**လယ်ဝေး ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ်အတွင်းရှိ နေပြည်တော် ဟိုတယ်ဇုန်မှ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ အခမ်းအနားတွင် နေပြည်တော်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးဝင်းညွန့်က အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းမြင့်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ(၂/၂၀၁၀)ကို ဖတ်ကြားရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ အခွန်ထမ်းပြည်သူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဝင်းညွန့်နှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# ဆေးတက္ကသိုလ်(၁) (၁၉၇၀-၇၇) ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဆေးတက္ကသိုလ်(၁)(၁၉၇၀-၇၇) ကျောင်းသားဟောင်းများ၏ ငါးကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ဆေးတက္ကသိုလ်(၁) လမ်းမတော်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အေးအေးမြင့် ဖုန်း-၀၉-၅၀၀ ၃၁၉၅၊ နီလာတင် ဖုန်း-၀၉- ၈၆၀၀၄၀၁၊ ဖြူတီကြည် ဖုန်း-၀၉-၅၃၆၃၃၁၁နှင့် သိန်းစိုး ဖုန်း-၀၁-၂၉၁၀၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်ပျိုးဥယျာဉ် ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## ထပ်ပိုးကတ္တရာခင်း

**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ တာပွန်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(ကြေးမုံ)

❁ **ကျောဖုံးမှ**

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

**ဒုတိယနေ့**

၂၀၁၀ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို ဒီဇင်ဘာ ၁၉ ရက် (ယနေ့) နံနက် ၆ နာရီမှ စတင်၍ နေပြည်တော်ရှိ နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပပြီး ပွဲစဉ်များအားလုံး ညနေပိုင်းတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

၂၀၁၀ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၆ နာရီတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၀ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ၌ အသားတင်ရိုက်ချက် ၅၆၆ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်း၊ အသားတင်ရိုက်ချက် ၅၇၈ ချက်ဖြင့် ဒုတိယဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အသားတင်ရိုက်ချက် ၅၇၉ ချက်ဖြင့် တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား လည်းကောင်း၊ အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲ၌ အသားတင်ရိုက်ချက် ၆၇၂ ချက်ဖြင့် ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၇၁၈ ချက်ဖြင့် ဒုတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၇၂၃ ချက်ဖြင့် တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းတို့အား စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

**တစ်ဦးချင်း**

ထို့နောက် တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲနှင့် (အကျောမဲ့) ပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ပါနှင့်ဘာဒီ**

ဆက်လက်၍ ပါ(Per)နှင့် ဘာဒီ (Birdie) အများဆုံးရရှိကြသူများအား တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

**ကွင်းအလိုက်**

ယင်းနောက် ကွင်းအလိုက် တစ်ဦးချင်း (အကျောပေး)နှင့် (အကျောမဲ့) ပြိုင်ပွဲတို့၌ အကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တက်ရောက်ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တက်ရောက်ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာ ဦးတင်အေး ၂၀၁၀ ခုနှစ် တပ်မတော် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက် ပါဝင်ဆင်နွှဲစဉ်။**





## ပေးအပ်ချီးမြှင့်

**စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ၌ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲ၌ ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**တပ်မတော်စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကျော်ဖြိုး ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ကွင်းအလိုက် အဝေးဆုံးရိုက်ချက်ဆုနှင့် အနီးဆုံးရိုက်ချက်ဆု ရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



**တပ်မတော်လေ့ကျင့်ရေး အ လှဌေးဝင်း ၂၀၁၀ ခုနှစ် တပ်မတော် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက် ဘာဒီ(Birdie )အများဆုံးရရှိသူများ**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော်          ဒီဇင်ဘာ          ၁၉**

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁) အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က) အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန်   ဒီဇင်ဘာ   ၁၉**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရစ်ကက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ပြိုင်ပွဲဝင်ခရစ်ကက်အသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပထမနေ့ပြိုင်ပွဲများကို ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲသို့ အမျိုးသားအသင်း (၁၇)သင်းနှင့် အမျိုးသမီးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကျင်းပ**

**ရန်ကုန်တိုင်းဒေသကြီးအခြေခံပညာ ကျောင်းပေါင်းစုံခရစ်ကက်အားကစား ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။**

(ခရစ်ကက်အဖွဲ့ချုပ်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ပဲခူးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၀ (သာယာဝတီ) သင်တန်းဖွင့်ပွဲအခမ်းအနားကို သာယာဝတီခရိုင် မြန်မာ့စီးပွားရေးဘဏ် သင်တန်းခန်းမ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် ဘဏ်မန်နေဂျာ ဦးသိန်းဖေ သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။**

(ခရိုင်ပြန်/ဆက်)



## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော်     ဒီဇင်ဘာ     ၁၉

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိပို့ခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဒီဇင်ဘာ ၂၀ ရက် ညနေထိခန့်မှန်းချက်။** ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နိုင် ငံ တ ကာ အား က စား သ တင်း**

## ကမ္ဘာ့ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အင်တာမီလန်ဗိုလ်စွဲ

**အဘူဒါဘီ   ဒီဇင်ဘာ ၁၉**

ကမ္ဘာ့ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ယမန်နေ့ညက အဘူဒါဘီရှိ ရှိုက်ဇာယက်ဒ်ကွင်း၌ ကျင်းပခဲ့ရာ ဥရောပချန်ပီယံ အင်တာမီလန်က အာဖရိကချန်ပီယံ မာဇမ်ဘီကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ယခုပွဲတွင် အင်တာမီလန်အသင်း၌ ဂျူလီယိုဆီဇာ၊ မိုင်ကွန်၊ ကော်ဒိုဘာ၊ ချီဗူး၊ လူစီယို၊ ဇနက်တီ၊ ကမ်ဘီယာဆို၊ မော့တာ၊ မီလီတို၊ အီတူး၊ ပန်ဒက်ဗ် စသည့် အဓိက ကစားသမားများဖြင့် လူစုံခဲ့သည်။ အင်တာမီလန်အသင်းသည် မာဇမ်ဘီအသင်းအပေါ် ကစားကွက်သိသိသာသာဖြင့် အသာစီးရယူနိုင်ခြင်း မရှိခဲ့သော်လည်း ဂိုးပြတ်ဖြင့် နိုင်ပြီး နည်းပြဘင်နီတက်ဇ်အပေါ် ကျရောက်နေသည့် ဖိအားများကို လျှော့ချနိုင်ခဲ့သည်။ အင်တာမီလန်အတွက် ဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ပန်ဒက်ဗ်၊ ၁၇ မိနစ်တွင် အီတူးနှင့် ၈၅ မိနစ်တွင် မီလီတိုအစားလူစားဝင်လာသည့် ဘီယာဘီယာနီက သွင်းယူခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲတွင် အင်တာနေစီယွန်နယ်အသင်းက ဆောင်နမ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။

***အင်တာနက်။***

**ဝင်းတင်(ကြေးမုံ)**





**ကမ္ဘာ့ကလပ်ချန်ပီယံ အင်တာမီလန်အသင်း ဆုဖလားကိုင်မြှောက်၍ အောင်ပွဲခံနေစဉ်။**

## ဂျပန်ကစားသမားတစ်ဦးနှင့် အာဆင်နယ်စာချုပ်ချုပ်ဆို

**လန်ဒန်   ဒီဇင်ဘာ   ၁၉**

အာဆင်နယ်အသင်းက ဂျပန်တိုက်စစ်မှူး ရိုမီယာဟီချီသည် လာမည့် ဇန်နဝါရီလတွင် အသင်းနှင့်လာရောက်ပူးပေါင်းတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ အသက် (၁၈)နှစ်အရွယ်ရှိ ထိုရှေ့တန်းကစားသမားလေးသည် ဂျပန်အထက်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားပြီးနောက် အာဆင်နယ်အသင်းသို့ ရောက်ရှိလာမည်ဖြစ်သည်။

နှစ်သစ်မှာရောက်လာတော့မည့် ကစားသမားသစ်လေးကြောင့် ဝမ်းသာနေကြောင်း အသင်းနည်းပြ အာဆင်ဝင်းဂါးက ကလပ်အသင်း ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ နွေရာသီမှာ သူ့အကြောင်းတွေက ကျွန်တော့်ကို စိတ်လှုပ်ရှားစေခဲ့တယ်၊ မီယာဟီချီဟာ မဖော်ထုတ်ရသေးတဲ့အရည်အချင်းတွေ ပိုင်ဆိုင်ထားတဲ့ ကျောက်ရိုင်းလေးတစ်ပွင့်ပါ"ဟု သူက ဆက်လက်ပြောကြားခဲ့သည်။

***အင်တာနက်။***

---

သူ့ဘဝ ဇာတ်ကြောင်းကို ရုပ်ရှင်ရိုက်မည်ဆိုလျှင် မည်သည့်မင်းသားကို သရုပ်ဆောင်စေလိုသနည်းဟု မေးရာ ကာပယ်လိုက "ကျွန်တော့် သူငယ်ချင်းပဲ။ ဟုချ်ဂရန့်လေ" ဟု ဖြေသည်။

***အင်တာနက်။***

## ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ပရီမီယာလိဂ်ပွဲစဉ်များ ရွှေ့ဆိုင်းခဲ့ရ

**လန်ဒန်   ဒီဇင်ဘာ   ၁၉**

ဗြိတိန်တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေမှုကြောင့် ပရီမီယာလိဂ် ပွဲစဉ်များကို ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။

စနေနေ့ညတွင် ပွဲစဉ်ခြောက်ပွဲ ကစားရန် လျာထားသော်လည်းဆန်းဒါးလန်းနှင့် ဘော်လ်တန်၊ ဘလက်ဘန်းနှင့် ဝက်စ်ဟမ်းတို့နှစ်ပွဲသာ ယှဉ်ပြိုင်ကစားစေခဲ့ပြီး ကျန်ပွဲစဉ်အားလုံးကို ရွှေ့ဆိုင်းလိုက်သည်။ ယင်းနှစ်ပွဲတွင် ဆန်းဒါးလန်းက ဘော်လ်တန်ကို ဝဲလ်ဘက်သွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ပြီး ဘလက်ဘန်းနှင့် ဝက်စ်ဟမ်းတို့ပွဲမှာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ယင်းအပြင် ယနေ့ ထွက်ပေါ်လာသော သတင်းများအရ ဗြိတိန်နိုင်ငံတစ်ဝန်းတွင် နှင်းမုန်တိုင်းတိုက်ခတ်လာခြင်းကြောင့် လမ်းမပေါ်ရှိ နှင်းထုမှာ ၁၀ လက်မအထိ ပင် မြင့်တက်လာလျက်ရှိသည်ဟု သိရသည်။ ထို့ကြောင့် တနင်္ဂနွေနေ့ညတွင် ကစားရန်ရှိသည့် ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲကိုလည်း ရွှေ့ဆိုင်းဖွယ်ရာရှိနေကြောင်း သိရသည်။ ***အင်တာနက်။***

**လန်ဒန်       ဒီဇင်ဘာ     ၁၉**

စတမ်းဖို့ဒ်ဘရစ်ချ်တွင် ချယ်ဆီးနှင့် မန်ယူတို့ ပွဲမကစားမီ အင်္ဂလန်မန်နေဂျာ ဖေဘီယိုကာပယ်လိုက မန်ယူမန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်သည် ထာဝရ အကောင်းဆုံး မန်နေဂျာဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးလိုက်သည်။

ဒီဇင်ဘာ ၁၈ ရက်နေ့သည် ဖာဂူဆန် အနေဖြင့် မန်ယူအသင်းတွင် အရှည်ကြာဆုံး မန်နေဂျာအဖြစ် စံချိန်သစ်တင်လိုက်နိုင်သော နေ့တစ်နေ့လည်းဖြစ်နေသည်။ ၁၉၈၆ ခုနှစ်ကတည်းက မန်ယူကို ကိုင်တွယ်ခဲ့သော ဖာဂူဆန်သည် မန်ယူမန်နေဂျာ သက်တမ်း ရက်ပေါင်း ၈၈၁၁ ရက်ဖြင့် နှစ်ကျော့ပြန် မန်ယူကိုကိုင်တွယ်ခဲ့သူ ဘက်စ်ဘီ၏ စံချိန်ကို တစ်ရက်အသာဖြင့် ချိုးနိုင်ခဲ့ပြီဖြစ်သည်။

## ဖာဂူဆန်သည် ထာဝရအကောင်းဆုံးမန်နေဂျာဟု ကာပယ်လိုချီးမွမ်း

ဝင်ဘလေ ကလပ်အသင်း၏ မနက်စာစားပွဲတွင် ဖာဂူဆန်နှင့် သူ၏အောင်မြင်မှုများအကြောင်းကို မေးမြန်းရာ ကာပယ်လိုက "ထိုစကော့ကြီးနှင့်တူသော မန်နေဂျာမျိုး နောက်တစ်ယောက်မရှိနိုင်"ဟု ဖြေခဲ့သည်။

"ဘောလုံးသမိုင်းမှာတော့ ဆာအဲလက်စ်က အကောင်းဆုံးမန်နေဂျာပဲ" ဟု ကာပယ်လိုက ဆိုသည်။

"ဒီလို အချိန်အကြာကြီး ကလပ်ကို ကိုယ်တွယ်ပြီး အများကြီး ပြောင်းလဲလာအောင် သူလုပ်ခဲ့တယ်။ အသင်းကို ပြောင်းလဲအောင်လုပ်တယ်။ ကစားသမားတွေကို ပြောင်းလဲလာအောင် လုပ်တယ်။ သူ့ကလပ်အသင်းအတွက်တော့ သူဟာ တကယ့်ကို ကောင်းတဲ့သူပဲ" ဟု ဆိုသည်။

အင်္ဂလန်အသင်းအတွက် အင်္ဂလိပ်မဟုတ်သည့် ကစားသမားကို ရွေးခွင့်ရှိမည်ဆိုလျှင် မည်သူ့ကို ရွေးမည်နည်းဟူသော မေးခွန်းကိုမူ ကာပယ်လိုက သူ၏ ကစားသမားများနှင့်သာ ပျော်ရွှင်နေသည်ဟုဆိုကာ ပါးပါးနပ်နပ် ရှောင်လွှဲခဲ့သည်။

အင်္ဂလန် ယူ-၂၁ အသင်းနည်းပြ စတူးဝပ်ပီယာစ့်ကမူ "ဖေဘီယိုကိုယ်စားပြောရရင် လီယွန်နယ် မက်ဆီ" ဟု ဝင်စွက်သေးသည်။

**စိုးတင့်နိုင်**

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



# ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပါဝင်ဆင်နွှဲ

### ပါဝင်ဆင်နွှဲ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တက်ရောက်ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၉

**၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၅ နာရီခွဲတွင် နေပြည်တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ ပါဝင်ဆင်နွှဲသည်။**

### တက်ရောက်

အဆိုပါ ၂၀၁၀ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက Tracer ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁